# သခင့်စကား
ဝိညာဉ်ရေးစာစောင်

ထာဝရ ဘုရား၏ စကားကို
နားထောင်ကြလော့။ ယေရမိ ၂၉း၂၀

အမှတ်စဉ် (၃၇) | စက်တင်ဘာလ | ၂၀၀၄ ခုနှစ် | ဓမ္မဒါန ( လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချီသည် )

# သတ္တမနေ့

ကမ္ဘာဦး အစမှာတုံးက ဘုရားသခင်ဟာ သက်ရှိသက်မဲ့ သတ္တဝါတွေကို ဖန်ဆင်းဖို့အတွက် နေ့ရက်တစ်ရက်စီကို ဖြေရက်မြောက်တဲ့နေ့တိုင်အောင် အသုံးပြုခဲ့ပါတယ်။ ဖန်ဆင်းခြင်းအမှုကို ခြောက်ရက်တိုင် ပြုလုပ်ခဲ့ပြီးတဲ့နောက်မှာတော့ သတ္တမမြောက်တဲ့ နေ့မှာတော့ ဘုရားသခင်ဟာ ငြိမ်ဝပ်စွာနေတယ် (ဥပုသ်ဝင်) ဆိုတာ ယုံကြည်သူတိုင်း သိပြီးဖြစ်ပါတယ်။



**ဥပုသ်နေ့ကို သန့်ရှင်းစေခြင်းငှာ ထိုနေ့ရက်ကို အောက်မေ့လော့၊ ခြောက်ရက်ပါတ်လုံး အလုပ်မျိုးကို ကြိုးစား၍ လုပ်ဆောင်လော့။ သတ္တမနေ့ရက်သည် သင်၏ဘုရားသခင် ထာဝရ ဘုရား၏ ဥပုသ်နေ့ဖြစ်၏။ ထွက်မြောက်ရာကျမ်း– ၂၀း၈–၁၀**

ကျွန်မတို့တစ်တွေဟာ စင်ကာပူမှာ မိသားစု စားဝတ်နေရေးအတွက် အလုပ်လာလုပ်ကြတဲ့ သူတွေဖြစ်ပါတယ်။ တစ်ချို့လူတွေဟာ အလုပ်ကို နံပါတ်တစ် နေရာမှာ ထားတဲ့အတွက် ဘုရားသခင်ရဲ့ ဥပုသ်နေ့ကို မေ့လျော့နေခဲ့ကြပါတယ်။ ကျွန်မတို့ စင်ကာပူကိုရောက်လာရခြင်းဟာ ဘုရားသခင်ရဲ့ ကျေးဇူးသက်သက် ဖြစ်တယ်ဆိုတာကို မမေ့သင့်ပါဘူး။ ဘုရားသခင် ရဲ့ ဥပုသ်နေ့ကိုလဲ ရိုသေလေးစား သင့်ပါတယ်။ သမ္မာကျမ်းထဲမှာ –

**ထာဝရဘုရား မိန့်တော်မူသည်ကား – ငါ၏ ဥပုသ်နေ့ကိုစောင့်လျက်၊ ငါနှစ်သက်သောအရာကို ရွေးယူ၍ ငါ၏ ပဋိညာဉ်ကို မှီဝဲသော မိန်းမလျှာတို့အား သားသမီးတို့ထက် မြတ်သောနာမကို ငါ့အိမ်၊ ငါ့တံတိုင်း၌ ငါပေးမည်။ ထာဝရဘုရား၌ မှီဝဲသော တပါးအမျိုးသားတို့ကိုလည်းကောင်း ၊ ဥပုသ်နေ့ကို မရှုတ်ချ၊ စောင့်ရှောက်၍ ငါ၏ ပဋိညာဉ်ကို စွဲလန်းသောသူအပေါင်းတို့ကိုလည်းကောင်း ငါ၏သန့်ရှင်းသော တောင်သို့ ငါဆောင်ခဲ့၍ ငါ၏ ပဌနာအိမ်၌ ဝမ်းမြောက်စေမည်။ ငါ့အိမ်ကို လူအမျိုးမျိုး ဆုတောင်းရာအိမ် ဟူ၍ ခေါ်ဝေါ်ကြလတ္တံ့။ ဟေရှာယ ၅၆း၄–၇**

အထက်ပါကျမ်းပုဒ်ကို ဖတ်ရှုခြင်းအားဖြင့် ဘုရားသခင်ဟာ မိမိရဲ့ ဥပုသ်နေ့ကို လူအများရဲ့ လေးစားခြင်းကို ခံချင်ကြောင်း နားလည်ရပါတယ်။ ဥပုသ်နေ့ကို အလေးထားပြီး စောင့်ရှောက်သူတွေအတွက်လဲ ဆုကျေးဇူးတော်များကို ပေးထားကြောင်းတွေ့ရပါတယ်။

တစ်ချို့လူတွေက ဘုရားကျောင်းသွားမှ ဝတ်ပြုကိုးကွယ်ခြင်း အထမြောက်တာ မဟုတ်၊ ဘုရားသခင်ဟာ နေရာတိုင်းမှာရှိတဲ့အတွက် အချိန်အခါ မရွေး၊ နေရာ မရွေး ဆုတောင်းနိုင်တယ်လို့ စောဒက တက်တတ်ကြပါတယ်။ မှန်ပါတယ်၊ ဘုရားသခင်ဟာ နေရာတိုင်းမှာ ရှိပါတယ်။ ဒါပေမဲ့ ကျွန်မတို့ဟာ သာမာန် ဖန်ဆင်းခံထားရတဲ့သူတွေ မဟုတ်ပါဘူး၊ ဘုရားသခင် ရွေးချယ်ခြင်းခံထားရတဲ့ ခရစ်တော်ရဲ့ နောက်လိုက်တွေ ဖြစ်ပါတယ်။ မိမိတစ်ဦးတည်း ဆုတောင်းမဲ့အစား ယုံကြည်သူတွေ တစ်စုတစ်ဝေးတည်း စုပေါင်းချီးမွမ်းခြင်းက ပို၍ကောင်းပါတယ်။ ဘုရားသခင်က ယုံကြည်သူအချင်းချင်း စည်းလုံးခြင်းကို လိုလားတဲ့ဘုရား ဖြစ်ပါတယ်။

ကျွန်မ ဒီ သတ္တမနေ့ဆိုတဲ့ ဘုရားသခင်ရဲ့ ဥပုသ်နေ့ စာမူကို ရေးသားပြီးခဲ့တာကြာခဲ့ပေမဲ့ **သခင့်စကားစာစောင်** ကို မပေးပို့ဖြစ်သေးခဲ့ပါဘူး။ ဒီလို ရေးရတာလဲ ရည်ရွယ်ချက်ရှိပါတယ်။ ဒီစာမူ ပြီးဆုံးတဲ့အချိန်အထိ ကျွန်မရဲ့ ခွင့်ရက်က တစ်လကို ၂ရက်ဘဲ ရပါတယ်။ ကျွန်မရဲ့ သူငယ်ချင်း တစ်ချို့ကတော့ တနင်္ဂနွေ နေ့တိုင်း ထွက်ခွင့်ရကြပါတယ်။ တစ်ချို့က အပါတ်တိုင်း ဘုရားကျောင်းသွားပေမဲ့ အချို့ကတော့ ဘုရားကျောင်း မရောက်ဖြစ်ဘဲ အခြားစိတ်ပျော်ရာ နေရာ တစ်နေရာရာကို ရောက်သွားပါတယ်။ တနင်္ဂနွေနေ့တိုင်း ထွက်ခွင့်ရတဲ့သူတွေကို အားကျမိပေမဲ့ ကျွန်မရဲ့ အလုပ်ရှင်ဆီမှာ ခွင့်မတောင်းမိပါဘူး။ ခွင့်ရတဲ့သူတွေ ဥပုသ်နေ့ကို အကျိုးရှိစွာ အသုံးချတတ်ပါစေဆိုပြီး ဒီစာမူကို ရေးခဲ့တာပါ။

ဘုရားသခင်ရဲ့ အကြံနဲ့ လူ့အကြံ မတူဘူး ဆိုတာ သိလာခဲ့ရပါတယ်။ ကျွန်မရဲ့ ပတ်စပို့ သက်တမ်းဟာ လာမဲ့ ဒီဇင်ဘာလမှာ ကုန်ဆုံးမှာဖြစ်ပါတယ်။ အရင်တုံးကတော့ စာအုပ်သက်တမ်း ကုန်သွားရင် သက်တမ်းထပ်တိုးပြီး နောက်ထပ် ၂နှစ် ဆက်လုပ်မယ်လို့ ဆုံးဖြတ်ထားပေမဲ့ မမြော်လင့်ဘဲ ကျွန်မဟာ အလုပ်လုပ်ချင်တဲ့စိတ်တွေ ကုန်ခမ်းသွားခဲ့ပါတယ်။ သာသနာပြု ခရီးစဉ်သွားချင်တဲ့စိတ်တွေ၊ ကျမ်းစာကျောင်း တက်ချင်တဲ့စိတ်တွေ ပေါ်လာခဲ့ပါတယ်။ ဒါပေမဲ့ မိသားစုကို လုပ်ကျွေးချင်တဲ့ စိတ်တွေလဲ ပေါ်လာမိပြန်ပါတယ်။ ဘာဆုံးဖြတ်ရမှန်း မသိတဲ့ ကျွန်မဟာ ဘုရားသခင်ဆီမှာဘဲ အဖြေတောင်းခဲ့မိပါတယ်။

တစ်ညနေမှာ ဆရာမကို ကျွန်မ အလုပ်ဆက်မလုပ်နိုင်တော့တဲ့အကြောင်းနဲ့ ဒီတစ်ခါ ပတ်စပို့သက်တမ်းကုန်ရင် ကျွန်မ မတိုးတော့ဘဲ သာသနာပြုဖို့ မြန်မာပြည်ကို အပြီးပြန်တော့မှာဖြစ်ကြောင်း ပြောလိုက်မိပါတယ်။ ဆရာမက ကျွန်မကို လစာပိုလိုချင်လို့လား၊ ဒါမှမဟုတ် အခက်အခဲရှိလို့လားလို့ မေးပါတယ်။ အဲဒါတွေ တစ်ခုမှ မဟုတ်ကြောင်း သာသနာပြုချင်တဲ့စိတ်ကြောင့်သာဖြစ်ကြောင်း ကျွန်မ ပြောပြလိုက်တဲ့အခါမှာ ဆရာမဟာ ဟန်မဆောင်နိုင်တော့ဘဲ ကျွန်မကို အလုပ်မထွက်ဖို့ ငိုပြီးတော့ တောင်းပန်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ရဲ့ သားလေးက အခုမှ တစ်နှစ်ခွဲဘဲ ရှိသေးတဲ့အတွက် ကျွန်မက လွဲပြီး ဘယ်သူနဲ့မှ

စိတ်ချနိုင်မှာ မဟုတ်ကြောင်း နောက်ထပ်၂နှစ် သက်တမ်းတိုးပြီး အလုပ်ဆက်လုပ်ပေးဖို့ တောင်းဆိုပါတယ်။ ဆရာမရဲ့ အဖေနဲ့ အမေလဲ ရောက်လာပြီး အလုပ်ဆက်လုပ်ပေးဖို့ ဝိုင်းပြောကြပါတယ်။ ကျွန်မလဲ တစ်ည စဉ်းစားပါရစေလို့ ခွင့်တောင်းလိုက်ပါတယ်။

အဲဒီညမှာဘဲ စင်ကာပူမှာ နောက်ထပ်၂နှစ်ဆက်လုပ်ဖို့ ကျွန်မ ဆုံးဖြတ်လိုက်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သခင်ခရစ်တော်က –

**ကိုယ်နှင့် စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်လော့** တဲ့၊ **ကျေးဇူးကို ခံသင့်သောသူတို့အား ကျေးဇူးပြုရသော အခွင့်ရှိလျှင် မပြုဘဲမနေနှင့်။ သုတ္တံ ၃း၂၇** ဆိုတဲ့အချက်တွေက ကျွန်မရဲ့ စိတ်ကို နှိုးဆော်နေပါတယ်။

ကျွန်မနဲ့ အနီးဆုံး သူတွေရဲ့ လိုအပ်ချက်တွေကို မဖြည့်နိုင်ဘဲ၊ အဝေးတစ်နေရာမှာ ရှိနေတဲ့ သူတွေရဲ့ လိုအပ်ချက်ကို ဖြည့်ဖို့ ကြံနေတာကရော လိမ်လည်ရာ ရောက်နေပါလားလို့ ခံစားလိုက်မိပါတယ်။

နောက်နေ့မနက်မှာ ဆရာမကို ကျွန်မ နောက်ထပ်၂နှစ် အလုပ်ဆက်လုပ်ပါ့မယ်လို့ ပြောလိုက်ပါတယ်။ အဲဒီအချိန်မှာ ဆရာမက ဘာပြောသလဲဆိုတော့– "တစ်ညလုံး ငါအိပ်လို့ မပျော်ဘူး၊ နင် မရှိရင် ဘယ်လိုဆက်လုပ်ရမလဲလို့ စဉ်းစားရင်း ဦးဏှောက်ခြောက်သွားတယ်" လို့ပြောပါတယ်။ နောက်ထပ် ၂နှစ် အလုပ်ဆက်လုပ်မယ်ဆိုရင် တနင်္ဂနွေနေ့တိုင်း အပြင်ထွက်ခွင့် ပေးမယ်တဲ့။ ဝမ်းသာလွန်းလို့ ထခုန်ချင်စိတ်ကို မနည်းထိန်းထားရပါတယ်။

ကျွန်မ သတိရလိုက်မိတာက ရေးထားတာ ကြာပြီဖြစ်တဲ့ **သဗ္ဗတ္တမနေ့** စာမူ ပါဘဲ။ အရင်က ၂ပါတ်တစ်ခါ အပြင်ထွက်ခွင့် ရတဲ့ကျွန်မကို ဘုရားသခင်က တစ်ပါတ်တစ်ခါထွက်ဖို့ အခွင့်ပေးခဲ့ပါတယ်။ သဗ္ဗတ္တမနေ့တိုင်းမှာ ဘုရားသခင်ကို သီးသန့်ဝတ်ပြုကိုးကွယ်နိုင်ဖို့ ဘုရားသခင်က အခွင့်ပေးခဲ့ပါတယ်။ ကျွန်မအပေါ်မှာရှိတဲ့ ဘုရားသခင်ရဲ့ ကျေးဇူးက မကုန်နိုင်ပါဘူး။ မိမိရဲ့ တစ်ပါးတည်းသော သားတော်ကို စွန့်တဲ့တိုင်အောင် ချစ်တဲ့ ဘုရားသခင်ထံမှာ အရာရာ ခိုလှုံကြပါလို့ ရေးသားရင်း – ဘုရားသခင်အတွက် သဗ္ဗတ္တမနေ့တိုင်းမှာ ပြန်လည်ဂုဏ်ပြုကြပါလို့ တိုက်တွန်းနှိုးဆော်လိုက်ပါတယ်။

အလုပ်သာလျှင် နံပါတ်တစ် ဖြစ်တယ်လို့ ပြောတတ်တဲ့ သူတွေလဲ – လုကာ ၁၂း၂၂–၃၄ ကို ဖတ်ဖြစ်အောင် ဖတ်ကြပါလို့ ...

မနက်ဖြန်အတွက် မစိုးရိမ်ပါနှင့် ၊ မနက်ဖြန်ကသာ သင့်အတွက် စိုးရိမ်ပါစေ။ ။

ခရစ်တော်၏ ချစ်ခြင်း၌ – **ဓမ္မကျွန်**

oooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooo



# နှိမ့်ချသူလား နိမ့်ကျသူလား။

လုပ်ငန်းခွင်ထဲမှာ အလုပ်လုပ်ကိုင်လို့ သက်တမ်းကြာပြီး ကျွမ်းကျင်လာတဲ့ သူတစ်ယောက်ဟာ လက်အောက်ငယ်သားအဖြစ် ရှေ့ဆက် မလုပ်ကိုင် လိုတော့ဘဲ၊ အုပ်ချုပ်သူ၊ အလုပ်ကြပ်၊ အရာရှိအဖြစ်နဲ့ လုပ်ချင်စိတ်တွေပေါ်လာမှာ မလွဲပါဘဲ။ ကြီးမြင့်သူ၊ အာဏာကြီးသူ တစ်ယောက်ရဲ့ ဘဝကို လူတော်တော် များများ မက်မောကြမှာ အသေအချာပါဘဲ။

ကျွန်တော် စင်ကာပူကို ရောက်လာတဲ့အချိန်မှာ အလုပ်ရှင်ကို ကျွန်တော့်ရဲ့ ရှိရင်း ပညာအရည်အချင်းထက် နိမ့်တဲ့ အဆင့်ကိုဘဲ ပြပြီး အလုပ်လျှောက် ခဲ့ပါတယ်။

ဒီအတွက် ကျွန်တော်ဟာ စင်ကာပူမှာ အခြေခံ အလုပ်ကြမ်းသမားအဖြစ်နဲ့ အလုပ်လုပ်ခဲ့ရပါတယ်။ ကျွန်တော်ဟာ မြန်မာပြည်မှာတုံးက တနင်္ဂနွေနေ့တိုင်း ဘုရားကျောင်းသွားတတ်သလို အမြဲလိုလို ဂုဏ်တော်ချီးမွမ်းသီချင်းတွေကို တစ်ယောက်တည်း ညည်းပြီး ဆိုတတ်ပါတယ်။ ဒါကို အပြစ်ရှာတတ်တဲ့ စင်ကာပူ နိုင်ငံသား အလုပ် အရာရှိတွေက ကျွန်တော်ဟာ တနင်္ဂနွေနေ့မှာ အချိန်ပို မလုပ်ချင်တဲ့ လူပျင်းတစ်ယောက် ဖြစ်ကြောင်း၊ လုပ်ငန်းခွင်ထဲမှာလဲ အမြဲတွေးတောပြီး သီချင်းဆိုတတ်ကြောင်း သူဌေးကို တိုင်ပြောကြပါတယ်။

အလုပ်ကြပ်နဲ့ မန်နေဂျာက ကျွန်တော့်ကို အပြစ်ရှာပြီး အလုပ်ပြုတ်အောင်လုပ်ကြပါတယ်။ အလုပ်သက်တမ်း ၂နှစ်ပြည့်တဲ့အခါမှာ နောက်ထပ်၂ နှစ် အလုပ်ဆက်လုပ်ဖို့ အလုပ်သမားနဲ့ သူဌေးဟာ စာချုပ် ချုပ်ဆိုရလေ့ရှိပါတယ်။ ကျွန်တော်၂ နှစ်ပြည့်ပြီးတဲ့အခါမှာ အလုပ်ကြပ်နဲ့ မန်နေဂျာက ကျွန်တော့်ကို အလုပ် ဆက်လုပ်ခွင့် မရအောင် သူဌေးကို ကျွန်တော့် မကောင်းကြောင်းတွေ ပြောကြပါတယ်။ သူဌေးက သူတို့စကားကို နားယောင်ပြီး ကျွန်တော့်ကို တစ်လ စောင့်ကြည့်မယ်။ မကြိုက်ရင် အလုပ်ဖြုတ်မယ်လို့ ရာဇသံ ပေးပါတယ်။

အဲဒီတုံးက ကျွန်တော်တို့ ကုမ္ပဏီမှာ မြန်မာလူမျိုး အယောက် ၂၀လောက် ရှိပါတယ်။ ၂နှစ်ပြည့်ပြီးလို့ နောက်ထပ် အလုပ် ၄နှစ်သက်တမ်းတိုးတဲ့ မြန်မာလူမျိုးတွေကို မြန်မာသံရုံးမှာ ၂ နှစ်စာ ဆောင်ရမဲ့ အခွန်ဖိုးငွေကို သူဌေးက ဘောက်ဆူးအဖြစ် ပေးပြီး ကျွန်တော့်ကိုတော့ လုံးဝမပေးဘဲ ချန်ထားခဲ့ပါတယ်။ ကျွန်တော်တို့ ကုမ္ပဏီမှာ ကျွန်တော် တစ်ယောက်ထဲ ခရစ်ယာန်ဖြစ်ပါတယ်။ ကျွန်တော်ဟာ နေ့တိုင်း ဘုရားသခင်ထံ ဆက်ကပ်ပြီးမှ အလုပ်လုပ်လေ့ရှိသလို မကောင်းတာကိုလဲ အတတ်နိုင်ဆုံး ရှောင်လေ့ရှိပါတယ်။ ဒီလို ကောင်းကောင်းနေရဲ့သားနဲ့ ကျွန်တော်ဟာ ကုမ္ပဏီထဲက မြန်မာလူမျိုးထဲမှာ အနိမ့်ကျဆုံး လူတစ်ယောက် ဖြစ်နေခဲ့ပါတယ်။ အဲဒီအချိန်တုံးက ဘုရားသခင်ရဲ့ လူဟာ အများသောသူတွေရဲ့ အလယ်မှာ အမြီးမဖြစ်ဘဲ၊ ဦးခေါင်းဖြစ်ရမယ်ဆိုတဲ့ ကျမ်းပိုဒ်ကို ကျွန်တော် ကောင်းကောင်းသိပါတယ်။ ဒါ့ကြောင့်လဲ ဘုရားသခင်ကို မေးခဲ့ပါတယ်။ ကျွန်တော်ဟာ မယုံကြည် သူတွေရဲ့ အလယ်မှာ ဘာ့ကြောင့် အမြီး ဖြစ်နေရတာလဲလို့ပေါ့။

မယုံကြည်သူတွေဟာ ငွေရဖို့၊ မျက်နှာရဖို့၊ အောင်မြင်ဖို့၊ ကြီးမြင့်ဖို့၊ နည်းလမ်းပေါင်းစုံနဲ့ သူဌေးကို ချဉ်းကပ်ကြပါတယ်။ ကျွန်တော် သူတို့လို မလုပ်ခဲ့ပါဘူး။ နှိမ့်ချခြင်းနဲ့ ကိုယ်နိုင်သလောက် ဘုရားကို အားကိုးပြီး အလုပ်လုပ်ခဲ့ပါတယ်။ "ငါ့ရဲ့ အလုပ်ရှင်ဟာ 'စလုံး' တရုတ်သူဌေး မဟုတ်၊ ငါ့ရဲ့ အလုပ်ရှင်ဟာ လူ မဟုတ်၊ ငါ့ကို စင်ကာပူကို ပို့ဆောင်တာ စင်ကာပူက သူဌေးမဟုတ်၊ ငါ့ရဲ့ အလုပ်ရှင်ဟာ ဘုရားသခင်၊ ငါ့ကို စင်ကာပူအထိ ပို့ဆောင်တာ ဘုရားသခင် လို့ အကြွင်းမဲ့ ယုံကြည်ပြီး ဆင်းရဲတဲ့ မိသားစု ညီအစ်ကို မောင်နှမ၊ နွမ်းပါးတဲ့ မိဘကို လုပ်ကျွေးဖို့၊ ကိုယ်တော့် အစေကို ခံဖို့ စင်ကာပူမှာ ကျွန်တော် ရှိနေပါတယ်။ ကိုယ်တော် အလိုတော်ရှိရင် စင်ကာပူမှာ အလုပ်အကိုင် အဆင်ပြေပါစေ" လို့ ဆုတောင်းခဲ့ပါတယ်။

စက္ကန့်တံ၊ မိနစ်တံ၊ နာရီလက်တံတွေ အကြိမ်ကြိမ် လည်ပတ်ခဲ့ပြီးလို့ တစ်နှစ်လောက်ကြာသွားတဲ့အချိန်မှာ ကျွန်တော့်ကို ပြဿနာရှာခဲ့တဲ့ မန်နေဂျာဟာ အလုပ်ပြုတ် သွားပြီး စင်ကာပူနိုင်ငံရဲ့ မထင်မရှား မြို့နယ်တစ်ခုမှာ ကြက်ဆီထမင်း **(Chicken rice)** ရောင်းပြီး အသက်မွေးရတဲ့ဘ၀ကို ရောက်သွားခဲ့ပါတယ်။ ကျွန်တော့်ကို မကြိုက်တဲ့ အလုပ်ကြပ်ကတော့ ရာထူးတက်သွားပြီး **Supervisor** ဖြစ်သွားပါတယ်။ ဒါဆိုရင် ကျွန်တော်ကရော နောက်ထပ်၄နှစ် ကြာတဲ့အခါမှာ ဘာဖြစ်သွားမယ် ထင်ပါသလဲ။ အလုပ်ပြုတ်သွားတယ်လို့ ထင်ကောင်း ထင်စရာပါဘဲ။ ဘာဖြစ်လို့လဲဆိုတော့ အလုပ်ထဲမှက အလုပ်ကြပ်တို့ မန်နေဂျာတို့နဲ့ အဆင်ပြေတဲ့သူ၊ တည့်တဲ့သူတွေဘဲ ကောင်းစားနေကျဆိုတော့ ---။

လူ့အကြံနဲ့ ဘုရားအကြံ မတူပါဘူး။ မကြာခင်မှာ သူဌေးက အလုပ်သမားတွေ အားလုံးရဲ့ ပညာအရည်အချင်းကို စစ်တမ်းကောက်ပါတယ်။ ပြီးတဲ့ အခါမှာ အားလုံးထဲကနေ ကျွန်တော့်ကို ရွေးလိုက်ပါတယ်။ အလုပ်သမား အားလုံးထဲမှာ ကျွန်တော့်ကို အကြိုက်ဆုံးလို့ ပြောပါတယ်။ ဘာလုပ်ဖို့လဲဆိုတော့ ကုမ္ပဏီက အရည်အသွေးစစ်ဌာန ( **Quality Control** ) က **Reporter** တစ်ယောက်ရဲ့ ရာထူး လစ်လပ်နေတဲ့အတွက် အပြင်လူကို မခန့်ဘဲ၊ အလုပ်သမားထဲက အရည်အချင်း အမြင့်ဆုံးလူကို သက်သက်ရွေးပြီး ခန့်တာလို့ပြောပါတယ်။ ကုမ္ပဏီထဲက လုပ်ငန်းအားလုံးကိုနားလည်ရမယ်။ **Computer** ရိုက်တတ်ရမယ်၊ **AUTO CAD** စက်မှုပုံစံတွေ ဆွဲတတ်ရမယ်လို့ ပြောပါတယ်။ ဘုရား ကျေးဇူးတော်ကြောင့် ကျွန်တော့်မှာ အဲဒီအရည်အချင်းတွေ ရှိနေပါတယ်။ အဲဒီအချိန်မှာ ဘာဖြစ်သွားသလဲ ဆိုတော့ အခုနက **Supervisor** နေရာကို ရာထူးတက်သွားတဲ့ ကျွန်တော့်ကို မကြိုက်တဲ့ အလုပ်ကြပ်နဲ့ ထိပ်တိုက်တွေ့ပါတယ်။ ကျွန်တော်ဟာ သူနဲ့ အတူ ရုံးခန်းထဲမှာ ထိုင်ပြီး အလုပ်လုပ်ရပါတယ်။

တစ်ချိန်တုံးက ဝပ်ရှော့ထဲမှာ သူခိုင်းတာကို တောက်တိုမယ်ရ လုပ်ခဲ့ရတဲ့ မြန်မာပြည်က တောသားလေး ကျွန်တော်ဟာ အခုအချိန်မှာတော့ သူနဲ့အတူ အဲယားကွန်းရုံးခန်းထဲမှာ စားပွဲနဲ့ ကျကျနန ထိုင်ပြီး သူနဲ့ တန်းတူအလုပ်လုပ်ရတဲ့အခွင့်ကို ဘုရားသခင်က ပေးခဲ့ပါတယ်။ ဒီ့အပြင် ကုမ္ပဏီက လုပ်ပြီးသွားတဲ့ အလုပ်တွေကိုလဲ ကျွန်တော်တို့ အရည်အသွေးဌာနက လက်မှတ်ထိုးပေးမှ တရားဝင်တာဖြစ်တဲ့အတွက် အလုပ်တွေပြီးတိုင်း၊ အဲဒီလူဟာ ကျွန်တော့်ဆီမှာလာပြီး လက်မှတ် လာထိုးခိုင်းရတဲ့ အခြေအနေကို ရောက်သွားပါတယ်။ တစ်ချိန်က ဘာမှအသုံးမတည့်၊ အသုံးမကျတဲ့ ကျွန်တော်ဟာ အခုတော့ ကုမ္ပဏီက လုပ်ပေးလိုက်တဲ့အလုပ်ကို ကင်းလွတ်ခွင့်ရဖို့ လက်မှတ်ထိုး စစ်ဆေးပေးတဲ့အခြေအနေထိရောက်အောင် ဘုရားသခင်က ပို့ဆောင်ပေးခဲ့ပါတယ်။ တစ်ချိန်က ကိုယ့်ကို ရန်ရှာခဲ့တဲ့သူဟာ အခုအချိန်မှာ ကိုယ့်ဆီလာပြီး လက်မှတ်လာထိုးခိုင်းရတဲ့ အဆင့်ကို ရောက်သွားပါတယ်။

နိမ့်ကျတဲ့ အနေအထားတုံးက သည်းခံတဲ့စိတ် မထားဘဲ၊ ကိုယ့်ကို အနိုင်ကျင့်သူကို ရန်တုံ့ပြန်ခဲ့ရင် အခုဆို ကျွန်တော် စင်ကာပူမှာ နေနိုင်မှာ မဟုတ်တော့ပါဘူး။ ဒါပေမဲ့ အဲဒီလို ပေတုံးတစ်တုံးလို အထုခံရတဲ့ ဘဝမှာ နှိမ့်ချခြင်းနဲ့ သည်းခံပြီး ဘုရားကိုအားကိုးတဲ့အခါ ဘာမှ မတတ်ပေမဲ့၊ ဘာမှ မသိပေမဲ့ ၊ ဘာအတန်းပညာမှ မအောင်ဘဲနဲ့ အတိုင်းအတာတစ်ခုမှာ ဘုရားက ချီးမြှောက်ပေးခဲ့ပါတယ်။

သခင်ယေရှုခရစ်တော်ဟာ သူကိုယ်တိုင် ဘုရားစင်စစ်ဖြစ်လျက်နဲ့ ခမည်းတော်ဘုရားနဲ့ အပြိုင် အာဏာကို မလုယူဘဲ၊ ကောင်းကင်ကိုစွန့်ပြီး လူသားအဖြစ် အစေခံသည်သာမက လက်ဝါးကပ်တိုင်မှာ အသေခံသည့်တိုင်အောင် အစေကျွန်ခံသွားခဲ့ပါတယ်။

ဒ့ါကြောင့် စာဖတ်သူ ညီအစ်ကိုမောင်နှမများအနေနဲ့ လူတွေရဲ့ အနိုင်ကျင့်မှု၊ စော်ကားမှုတွေခံနေရတဲ့အခါ ဒီလိုဘဝကို နိမ့်ကျတယ်လို့ မထင်ဘဲ သည်းခံခြင်းနဲ့ နှိမ့်ချပါ။ တစ်ချိန်ချိန်မှာ ဘုရားသခင်က သင့်ရဲ့ နှိမ့်ချခြင်းကိုသိမှတ်ပြီး ချီးမြှောက်ခြင်းကို ခံရမှာဖြစ်ကြောင်း ကိုယ်တွေ့ သက်သေခံ လိုက်ပါရစေ။ ။

( လူရှင် )

ooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooo

# ယေ်သားကောင်း



တစ်ချိန်က ကမ္ဘာပေါ်တွင် အထင်ရှားဆုံး အမျိုးသမီးနှစ်ယောက် ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်သွားခဲ့ကြပါတယ်။ အဲဒီ အမျိုးသမီး နှစ်ဦးကတော့ လေဒီ ဒိုင်ယာနာနဲ့ မားသားထရီဇာ တို့ဘဲဖြစ်ပါသည်။ သူတို့နှစ်ယောက်ကို ယှဉ်ကြည့်မယ်ဆိုရင်–

ဒိုင်ယာနာဟာ လှတယ်။ သူ့ရဲ့ ဆံပင်ပုံစံ၊ အင်္ကျီ ပုံစံတွေကို လူတော်တော်များများက နှစ်သက် သဘောကျခဲ့ကြတယ်။ သူဟာ ၁၉၉၇ ခုနှစ် ဩဂုတ်(စ)လ မှာ ရုတ်တရက် ကားမှောက်ပြီး ကွယ်လွန်ခဲ့ပါတယ်။

မားသားထရီဇာမှာတော့ လူတွေ နှစ်သက် အတုခိုးရလောက်တဲ့ ဆံပင်ဒီဇိုင်း၊ ရုပ်ရည်နဲ့ အဝတ်အစားတွေကို မဆင်မြန်းခဲ့ကြပါဘူး။ ဒါပေမဲ့ သူက လူတွေ မက်မောလောက်တဲ့ ရူပကာ မရှိပေမဲ့ ခရစ်တော်ထံမှ ရခဲ့တဲ့ မေတ္တာနဲ့ ရောဂါသည်တွေ၊ ဆင်းရဲသားတွေကို ခရစ်တော်ရဲ့ မေတ္တာဝေငှဖို့ သူ့အသက်တာကို ဆက်ကပ်ရင်း ၁၉၉၇ စက်တင်ဘာလ ၅ရက်နေ့မှာ ဘုန်းတော်ဝင်စားခဲ့ပါတယ်။

သူတို့နှစ်ယောက်ရဲ့ စျာပန အခမ်းအနားဟာ၊ တစ်ပါတ်ဘဲ ကွာပါတယ်။ ဒိုင်ယာနာရဲ့ စျာပန အခမ်းအနားမှာ မင်းမျိုးမင်းနွယ်တွေရဲ့ အဆောင် အယောင်နဲ့ သူ့အဖေရဲ့မြို့က သင်္ချိုင်းမှာ မြေမြှုပ်သဂြိုလ် ခဲ့ကြပါတယ်။ လူတိုင်း ဝင်ကြည့်လို့ မရခဲ့ပါဘူး။

မားသားထရီဇာရဲ့ စျာပန အခမ်းအနားမှာ နိုင်ငံပေါင်းစုံက နိုင်ငံအကြီးအကဲများ တက်ရောက်ခဲ့ကြပြီး ဘာသာရေးဘက်ဆိုင်ရာ ဘာသာအမျိုးမျိုးရဲ့ ခေါင်းဆောင်ကြီးများ ကိုယ်တိုင် တက်ရောက်ပြီး ဂါဝရပြုခဲ့တာကို တွေ့ခဲ့ရပါတယ်။ နှစ်ယောက်လုံး သေခဲ့ကြပေမဲ့ မားသားထရီဇာရဲ့ ရုပ်ကလာပ်ကတော့ ခရစ်တော်ရဲ့ မေတ္တာကို ဖော်ပြနေတာကို တွေ့ရပါတယ်။

လူ့အမြင်၊ လူ့အထင်မှာ ချမ်းသာတာ ချောတာ၊ လှတာတွေကို ဦးစားပေးပေမဲ့ ဘုရားသခင်ရဲ့ အမြင်မှာတော့ ဒါတွေဟာ အနတ္တသက်သက်ဘဲလို့ ဖော်ပြ ထားပါတယ်။

ဗျာဒိတ် ၃း၁ မှာ – သင်သည် **အသက်ရှင်ဟန် ရှိသော်လည်း၊ သေလျက်**

**နေသည်ကို ငါသိ၏** လို့ ဖော်ပြထားပါတယ်။

ယောဟန် ၅း၂၄ မှာ – **ငါအမှန်အကန်ဆိုသည်ကား ငါ့စကားကို နားထောင်၍ ငါ့ကို စေလွှတ်တော်မူသောသူကို ယုံကြည်သောသူသည်၊ ထာဝရ အသက်ကို ရသည်ဖြစ်၍ အပြစ်စီရင်ခြင်းကို မခံရ၊ သေခြင်းမှ အသက်ရှင်ခြင်းသို့ ကူးပြောင်းသောသူဖြစ်၏** လို့ ဖော်ပြထားပါတယ်။ လူတွေ အရှေ့မှာ ကျွန်မတို့ဟာ ထင်ပေါ်ကျော်ကြား အောင်မြင်မှုတွေကြောင့် ဘုရားရှေ့မှာ မျက်နှာရမယ်လို့ မထင်ပါနဲ့၊ ဘုရားရှင် နှစ်သက်တဲ့ အသက်တာမျိုးနဲ့ အသက်ရှင်မှသာ ခရစ်တော်ဘုရားရဲ့ မျက်နှာတော်ကို ဖူးမြင်ခွင့်နဲ့အတူ သာဓုသစ္စာရှိသော ငယ်သားကောင်းလို့ အခေါ်ခံရမှာ ဖြစ်ပါတယ်။

ကျွန်မတို့ အယောက်စီတိုင်း သာဓုသစ္စာရှိသော ငယ်သားကောင်းများဖြစ်ပြီး အငယ်ဆုံးသောသူများကို ပြုစုတတ်သော သူများဖြစ်နိုင်ကြပါစေ။ ။

**မလေး(ဂျူလိုင်)**

⦵⦵⦵⦵⦵⦵⦵⦵⦵⦵⦵⦵⦵⦵⦵⦵⦵⦵⦵⦵⦵⦵⦵⦵⦵⦵⦵⦵⦵⦵⦵⦵⦵⦵⦵⦵⦵⦵⦵⦵⦵⦵⦵⦵⦵⦵⦵⦵⦵

# ကျွန်တော်၏ရင်တွင်းစကား–၇ (သို့) အရှုပ်

သံပါတ်အား တင်း နေတုံး ၊
ခါတ်ခဲအား ပြင်းနေတုံး ။
စျေး ထောင် တက်နေတုံး ၊
ဆေး အရောင် လက်နေတုံး ။
ရေ ပန်းစားနေတုံး ၊
ငွေ လမ်းသလားနေတုံး ။

တကုပ်ကုပ် အလုပ်ရှုပ်နေလိမ့်မယ် ။
လှုပ်လှုပ်ရှား ပျော်ပါးနေလိမ့်မယ် ။
ထင်ရာစိုင်း မိုက်ရိုင်းနေလိမ့်မယ် ။
ကြွကြွရွ လှပနေလိမ့်မယ် ။



(ဒါမှမဟုတ်)
စားပွဲပေါ်မှာ ၊
ရှိုးကေ့စ်ထဲမှာ ၊
တစ်စုံတစ်ယောက်ရဲ့ ရင်ခွင်ထဲမှာ
မင်း ခိုဝင်နေလိမ့်မယ် ။

(အဲ – – – )
သံပါတ်အား ပျော့ ချိန် ၊
ခါတ်ခဲအား လျော့ ချိန် ၊
စျေး လွယ်ချိန် ၊
ဆေး ပြယ်ချိန် ၊
ဘေးဖယ်ချိန် မှာတော့ –

မလှုပ်မယှက် အရုပ်သက်သက် ဖြစ်မှန်းသိပြီမို့ –
မင်းတို့အတွက် နန်းဘုံခမ်းဝါဟာ
ဟိုး – အမှောင် ချောင်ထဲက အမှိုက်ပုံးလေးပါဘဲ။

**မင်းအောင်သက်လွင်**

## ချီးမွမ်းမည်

ကျွန်ုပ်ရဲ့ ဆိုးညစ်ခြင်းတွေက
တောင်ပုံရာပုံ များပြားလွန်းလို့
သခင့်ဆီက ကောင်းမြတ်ခြင်းတွေနဲ့
လုံးဝ မထိုက်တန်သူပါ ။

အပြစ်တွေများလွန်းလှပါတယ်၊
သိမ်ငယ်တဲ့ ကျွန်ုပ်က
သခင့်ရဲ့ ခြေဖဝါးအောက်က
ဖုံမှုန့်လေး တစ်စ လောက်တောင်
တန်ဖိုး မရှိသူပါ ။

ဒါပေမဲ့ သင်ကတော့
ကောင်းမြတ်ခြင်းတွေနဲ့
အသက်ကိုပါ ပေးလို့
ကျွန်ုပ်ကို ကယ်တင်ပြီ ။
ဟာလေလုယာ
အစဉ်အမြဲချီးမွမ်းမည်။

**ကောင်းကောင်း**